၂၀၀၃ခုနှစ် အမျိုးသားစာပေဆုရ

ခင်ခင်ထူး

ဖက်စိမ်းကွမ်းတောင်

ရွှေဝင်္ကပါမျိုး



စကတ္ထအကြိမ်

ဖက်စိမ်းကွမ်းတောင်

ကျွန်မရေးဖြစ်သည့် ဝတ္ထုတိုများ ထဲက ကျွန်မစိတ်ကြိုက် ဝတ္ထုအချို့ကို စုစည်းသိမ်းကျုံး၍ 'ဖက်စိမ်းကွမ်းတောင်'ရွေဝတ္ထုတိုများ ဟု အမည်ပေးလိုက်ပါသည် ။ ဤစာအုပ်တွင် ဖော်ပြခွင့်ရသော ဝတ္ထုတိုများအားလုံးသည် ၁၉၉၅ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ ရွှေအမြုတေမဂ္ဂဇင်းတွင် ကျွန်မ ရေးဖွဲ့ခဲ့သော ခံစားမှုဝတ္ထုတိုများ ချည်းဖြစ်ပါသည် ။ စိတ်လိုလက်ရ ဝတ္ထုတိုတစ်ပုဒ်ရေးဖွဲ့ပြီးတိုင်း ကျွန်မ အားရသော၊ စိတ်ကြိုက်ဖြစ်သော ဝတ္ထုတိုများကို ရွှေအမြုတေမဂ္ဂဇင်းသို့ ပို့ဖြစ်တာများ ပါသည် ။ ဤသို့အားဖြင့် ရွှေအမြုတေမဂ္ဂဇင်းမှာ ကျွန်မဝတ္ထုတွေ ၁၅ပုဒ်ကျော် ရှိနေခဲ့ပါပြီ။ ကျွန်မ၏ ပထမဆုံး ဝတ္ထုတိုပေါင်းချုပ် 'သနပ်ခါးပွင့်'ဝတ္ထုတိုများကို အားမာန်သစ်စာပေမှ ထုတ်ဝေခဲ့ပြီး ဒုတိယမြောက်အဖြစ် ထုတ်ဝေရန် ဆန္ဒပြင်းပြနေခဲ့မိသည် ။ ထုတ်ဝေရန် အခက်အခဲဖြစ်နေသော ကျွန်မဝတ္ထုတိုများကို ရွှေအမြုတေမဂ္ဂဇင်း အယ်ဒီတာချုပ် ဆရာဦးဝင်းငြိမ်းမှ ရွှေဝတ္ထုတိုများ အစီအစဉ်ဖြင့် ထုတ်ဝေပေးလိုက်သောကြောင့် ကျွန်မက ရွှေဝတ္ထုတိုများ ဟု အမည်တပ်လိုက်ခြင်း ဖြစ်ပါသည် ။

ဖက်စိမ်းကွမ်းတောင်သည် သီးခြားဝတ္ထုတိုတစ်ပုဒ်၏ အမည်မဟုတ်ပါ။ သည် စာအုပ်ပါ ဝတ္ထုတိုအားလုံးကို ဖက်စိမ်းကွမ်းတောင်များ လို့ ကျွန်မ ဆိုလိုချင်တာပဲ ဖြစ်သည် ။ ဖက်စိမ်းကွမ်းတောင် ဆိုသည် မှာ

ကျွန်မတို့ မြင်းခြံ မြောက်လက်နယ်များ တွင် အလှူရှင်လောင်း လှည့်ရာ တွင် အထွတ်အမြတ် တန်ဖိုးထားသော မြန်မာမှု ပစ္စည်းတစ်ခု ဖြစ်ပါသ ည် ။ ရှင်လောင်းလှည့်သည့်အခါ အလှူဒါယကာ၊ အလှူအစ်မ၏ နော က်မှ ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင် အပျိုချောများ စီတန်းကာ လိုက် လေ့ရှိပါသည် ။ ပန်းတောင်ကိုတော့ ရိုးရိုး အပျိုစာရင်းဝင်သူများ အရေ အတွက် အကန့်အသတ်မရှိ ကိုင်တတ်ကြသည် ။ ရွှေကွမ်းတောင်၊ ငွေ ကွမ်းတောင်ကိုင်ကြရသည့်အပျိုစင် နှစ်ယောက်ကတော့ ပန်းတောင်ကို င်သူတွေထက် ချောကြလှကြရပါသည် ။ ဘုန်းကြီးကျောင်း ဇီရိဟောင်းကြီးတွေထဲ အသင့်ပြုလုပ်ပြီးသား ရွှေရည်သုတ်ကွမ်းတောင် ၊ ငွေရည်သုတ် ကွမ်းတောင်တွေက ကိုင်ရုံ အဆင်သင့်။ ရေဆေး ဖုန်ခါပြီး ကိုင်ကြရုံသာ။

ဖက်စိမ်းကွမ်းတောင်ကတော့ အလှူဝင်ညရောက်မှ တကန်တက တန်ဆာဆင်ယူရသော ငှက်ပျောဖက် ကွမ်းတောင်ဖြစ်သည် ။ အလှူအ တန်းမရှိလျှင် သစ်စေးသရိုးကိုင်ထားသော သစ်သားကလပ်ကြီးအတိုင်း ကျွန်မတို့ ရွာ ဘကြီးဘုန်းကြီးကျောင်းမှာ ဖုန်အလိမ်းလိမ်း၊ ပင့်ကူမျှင် တတွယ်တွယ်နှင့် အကျည်းတန်စွာ ရှိနေတတ်သည် ။ အလှူအတန်းရှိ လျှင်တော့ သည် ကွမ်းတောင်ကလပ်ကို ကိုင်ချင်သူ အပျိုချောတွေက တငေးငေး တရီရီနှင့် တန်ဖိုးအကြီးဆုံး ရုပ်ဝတ္ထု ဖြစ်လာကြမြဲ ဖြစ်သ ည် ။

ဖက်စိမ်းကွမ်းတောင်ကို တန်ဆာဆင်ရသော ပစ္စည်းပစ္စယများမှာ အဖိုးထိုက် အဖိုးတန်များ မဟုတ်ကြပါ။ ငှက်ပျောပင်တစ်ပင်မှ ငှက်ပျောလက် လေး ငါးလက်သည် သာ ဖက်စိမ်းကွမ်းတောင်အတွက် လိုအပ်သော ကုန်ကြမ်းဖြစ်သည် ။ ငှက်ပျောလက်မှ အရွက်များကို လ က်တံရိုးဆုတ်ယူပြီး ငှက်ပျောရွက် အစပြတ်ကလေးများ ဖြင့် ကတော့။

စိန်တောင်၊ ကြာဖတ်၊ ကြာကလပ်၊ ကြာသီးကြာဖူး၊ ကြက်တူရွေးရုပ်စ
သည့် ကွမ်းတောင်အစိတ်အပိုင်းများကို တစ်ခုချင်း ချိုးယူရသည် ။ ပြီးမှ
သစ်သားကလပ်ပေါ်တွင် ကလပ်ကြာ၊ ကွေးထောက်ကုံး၊ ကြာသီး၊ ကြာ
ဖူး၊ စိန်တောင်အကြမ်းအန္၊ ကတော့၊ ကြာဖတ်၊ ထီး၊ ကြက်တူရွေးရုပ် စ
သည် ဖြင့် အဆင့်ဆင့် အကွက်ဖော် လုပ်ဆောင်သွားရသည် ။ သည် ပ
ညာက လွယ်ကူသည် မဟုတ်ပါ။ ကျွမ်းကျင်သော ဝါရင့်အမျိုးသမီးကြီး
တစ်ဦးက ဦးဆောင်ကာ အမျိုးသမီးဆယ့်လေးငါးဦးလောက်က
ဝိုင်းဝန်းရင်းအကူလက်ထောက်အနေဖြင့် ကွမ်းတောင်ချိုးပညာ အမွေ
ယူကြရသည် ။ လွယ်လင့်တကူနှင့်ရသည့်ပညာတော့ မဟုတ်။ ပါရမီရှိမှ
ရသည် ။ အနုပညာဓာတ်ခံ ရှိဖို့ လိုသည် ။ မျက်စိပသာဒ လှပစေဖို့ ငှက်
ပျောရွက်ကို အဝါတစ်လှည့်၊ အစိမ်းတစ်လှည့် ကွက်ပြောင်းထိုးရသည် ။
ငှက်ပျောဖက်ရွက် မဆုတ်မပြဲအောင် တည်းစပ်ဖြင့် အညင်အသာ
တည်းတပ်ရသည် ။ ရောင်စုံချည်မျှင်ကလေးများကို ပန်းလည်တိုင်နှင့်
ကလပ်ကြာကို ဝေဝေဆာဆာ ဆိုင်းတတ်ရသည် ။

ဖက်စိမ်းကွမ်းတောင်မှာ တန်ဖိုးကြီးပေး၍ ဝယ်ယူရသော ပစ္စည်းမ
ပါပါ။ လက်တစ်ကမ်းက ဘယ်လိုငှက်ပျောရွက်ကိုမဆို ခူးပြီး ဖက်စိမ်း
ကွမ်းတောင်လှလှကလေး ချိုးလို့ ရသည် ။ သို့သော် သည်
ဖက်စိမ်းကွမ်းတောင်ကို တော်ရုံတန်ရုံ မိန်းမပျိုကလေးတစ်ယောက်က
ကိုင်ခွင့်ရဖို့ ဆိုတာကတော့ ထင်သလောက်မလွယ်။ ငယ်ရွယ်နုနယ်ပြီး
ရုပ် အဆင်းက ပပဝတီလို ချောနေ လှနေပါစေ၊ ဖက်စိမ်းကွမ်းတောင်
ကိုင်ခွင့်ရဖို့ မသေချာ။ သူ့မှာ မိစုံဖစုံရှိရဲ့ လား။ အမိအဖက ငယ်လင်ငယ်
ယ်မယား ဟုတ်ရဲ့ လား။ ပစ္စည်းဥစ္စာ အတန်အသင့်ရှိရဲ့ လား။ မျိုးရိုးဇာ
တိကောင်းရဲ့ လား။ သည် အချင်း လက္ခဏာတွေနှင့် ပြည့်စုံမှ သာ ဖက်
စိမ်းကွမ်းတောင် ကိုင်ခွင့်ရသည် ။ သူကသာ ရွာ၏ အများ သဘောတူ

ကွမ်းတောင်ကိုင် အစစ်ဖြစ်သည် ။ သူကသာ ရွာ၏ တညီတညွတ်တည်းလက်ခံသည့် တကယ့်အလှပဂေးဖြစ်သည် ။

ကျွန်မ၏ ဝတ္ထုတိုများကိုလည်း ဖက်စိမ်းကွမ်းတောင်နှင့် တင်စား ခေါ်ဝေါ်ထားမိသည် ။ ကျွန်မဝတ္ထုများမှာ အဖိုးတန်ပစ္စည်း တစ်စုံတစ်ရာ မပါပါ။ သည် အတိုင်းပစ်ထားသော ဖုန်အလိမ်းလိမ်း၊ ပင့်ကူမျှင် တတွယ်တွယ်နှင့်ရှိနေသော သစ်သားကလပ်ကြီးကို ကျွန်မက ငှက်ပျောဖက်ညွန့်ဖြင့် တန်ဆာဆင်ထားခြင်းသာဖြစ်သည် ။ လှပသော ဖက်စိမ်းကွမ်းတောင် တစ်လက်ဖြစ်ဖို့ ကျွန်မကိုယ်တိုင် တတ်စွမ်းသမျှ အားထုတ် ကြိုးပမ်းကြည့်ခြင်းဟု ဆိုနိုင်ပါသည် ။ ကျွန်မ၏ ဖက်စိမ်းကွမ်းတောင်ကလေးကို အလှူတော်မဏ္ဍပ်သို့ ပို့လိုက်ခြင်းသာဖြစ်သည် ။ ကွမ်းတောင်ကိုင် အပျိုချောကိုတော့ ကျွန်မ မရွေးချယ်ပါ။ စာဖတ်ပရိသတ်ကသာ ရွေးချယ်နိုင်ဖို့ ဖြစ်ပါသည် ။

ကျွန်မ၏ ဝတ္ထုတိုပေါင်းချုပ်ကလေးအတွက် ပထမဆုံး ဂါရဝတရားဖြင့် ကျေးဇူးတင်ရသည် မှာ ရွှေအမြုတေမဂ္ဂဇင်း အယ်ဒီတာချုပ် ဆရာဦးဝင်းငြိမ်းနှင့် ရွှေအဖွဲ့သားတွေကိုပဲ ဖြစ်သည် ။ နောက် ရွှေအမြုတေ စာဖတ်ပရိသတ်များ နှင့် ကျွန်မရှေ့မှ ဝတ္ထုတို ဆရာ၊ ဆရာမများကိုလည်း ကျွန်မ ထာဝရ လေးစားလျက်ရှိပါကြောင်း ဦးတင်ပါသည် ။

လေးစားလျက်

ခင်ခင်ထူး

၂၀၀၂၊ မတ်၊ မန္တလေး။

***

ဒုတိယအကြိမ် ထုတ်ဝေခြင်း အမှာ

ကျွန်မ၏ ဖက်စိမ်းကွမ်းတောင်ဝတ္ထုတိုပေါင်းချုပ်ကို ပုဂံစာအုပ်တိုက်မှ ဒုတိယအကြိမ်ထုတ်ဝေရန် စီစဉ်သည့်အခါ အမှာ စာကလေး ဖြည့်စွက်ပါရစေဦးဟု ခွင့်တောင်းခဲ့မိပါသည် ။ ပုဂံစာအုပ်တိုက်ကလည်း ခွင့်ပြုပါ၏။

ပထမအကြိမ်ထုတ်ဝေစဉ်က ကျွန်မ ဖော်ပြခဲ့သော အမှာ သည် ပင်သည် ဝတ္ထုတိုပေါင်းချုပ်အတွက် လုံလောက်ခဲ့ပြီဖြစ်ပါသည် ။ သို့သော် မမျှော်လင့်ဘဲ သည် စာအုပ်အတွက် အမျိုးသားစာပေဝတ္ထုတိုပေါင်းချုပ်ဆု ဆွတ်ခူးရရှိသည့်အခါမှာ တော့ ဖော်မပြနိုင်လောက်အောင်သော ဝမ်းမြောက်မှုဖြစ်ရပါသည် ။ သည် စာအုပ်ကို ထုတ်ဝေပေးခဲ့သော ဆရာဦးဝင်းငြိမ်းကိုလည်း ထပ်လောင်း ကျေးဇူးတင်မိရပါသည် ။

တစ်ဆက်တည်း ကျွန်မ ရည်မှတ်မိသော ကျေးဇူးတရားကတော့ ကျွန်မ၏ အနန္တကျေးဇူးရှင် မိဘနှစ်ပါးဖြစ်ပါသည် ။ ကျွန်မ၏ မိဘနှစ်ပါးသည် မြင်းခြံနယ်၊ အညာကျေးလက်နေ ဌက်ပျောပင်စိုက် မိလိုက်ဖပါတောသူတောင်သားများ ဖြစ်ကြပါသည် ။ ရွာဦးဆရာတော်ကျောင်းကသင်ကြားပေးလိုက်သော လောကီလောကုတ် သေစာရှင်စာလောက်သာတတ်ကြသူများ ဖြစ်သည် ။ အသက်မွေးမှုအားဖြင့် ဘဝကို ဆင်းရဲပင်ပ

နှိုးကြီးစွာ ဖြတ်သန်းခဲ့ရရှာသူတွေဖြစ်သည် ။ အဖေသည် အညာဆန်လှေကြီးဖြင့် ဧရာဝတီမြစ်ပြင်ကျယ်ကြီးထဲမှာ လူးလာခေါက်တုံ့ နေဝင်နေထွက် ကုန်စည်ကူးသန်းရောင်းဝယ် ဖောက်ကားခြင်းဖြင့် အချိန်ကုန်ခဲ့ရသည့် ရှေးလှေသမားကြီးဖြစ်၍ အမေကတော့ သားသမီးခြောက်ယောက်ကို ကိုယ်လက်မကွာ ကျွေးမွေးသုတ်သင်ရင်း အဖော့ပင်ပန်းဆင်းရဲမှုနှင့်မခြား ဒိုးတူပေါင်ဖက် ရှိခဲ့ရသူဖြစ်သည် ။ အဖေနှင့်အမေသည် ကုန်ရောင်းကုန်ဝယ် လှေသမားဘဝ၊ သစ်ဆွဲဖောင်ဆွဲမော်တော်သမားဘဝ၊ ဆယ့်နှစ်ပွဲစျေးသည် ဘဝ စသည် ဖြင့် နဖူးကချွေး ခြေမကျအောင် လုပ်ကိုင်ရှာဖွေ စားသောက်ရင်း ဘဝနေဝင်ခဲ့ကြရသူများ ဖြစ်ပါသည် ။

သည် လိုမိဘနှစ်ပါးက ကျွန်မတို့ သားသမီးများကို ပညာတတ်အောင် ပြုစုပျိုးထောင်ပေးရမည်ဆိုသော စိတ်ဓာတ် မွေးမြူနိုင်ခဲ့ကြတာကိုပင် ကျွန်မစဉ်းစားမိတိုင်း မိဘနှစ်ပါး၏ ဂုဏ်ကျေးဇူးကို အထူးတင်ရှိရပါသည် ။ ကျွန်မ မိဘများ သည် ဥစ္စာဓနအားဖြင့် ကြွယ်ဝသူများ မဟုတ်သဖြင့် လက်ဆုပ်လက်ကိုင်ပြနိုင်သော အမွေဟူ၍ ဘာတစ်ခုမျှ မပေးနိုင်ခဲ့ကြသော်လည်း ကျွန်မတို့ ကို စဉ်းစားဆင်ခြင်တွေးခေါ်နိုင်စွမ်းသော ပညာအမွေကို ခြစ်ခြစ်ကုတ်ကုတ် ရှာဖွေပေးခဲ့ကြသည် ။

သည် စာအုပ်ကလေးထဲက ဝတ္ထုတိုတော်တော်များများ သည် မိဘနှစ်ပါးနှင့်အတူ ကျွန်မဖြတ်သန်း ကြုံတွေ့ခဲ့ရသောရွာရိပ်ဝန်းကျင်နေ ဘဝဇာတ်ကောင်တွေအကြောင်းပဲဖြစ်သည် ။ သည် ဇာတ်ကောင်များ ၏ ဘဝကို စာနာတတ်အောင်၊ သိမြင်တတ်အောင်၊ ခံစားတတ်အောင်၊ နှလုံးသွင်းတတ်အောင် သင်ကြား ဆုံးမပေးခဲ့ကြတာလည်း အဖေနှင့်အမေပဲဖြစ်သည် ။ ရိုးသားဖြူစင်သော ကျေးတောနေတို့ ၏ နှလုံးသားအမွေကို ကျွန်မကို ပေးလိုက်ခြင်းပေပဲလို့ ကျွန်မ ခံယူမိပါသည် ။ သည်

အခြေခံဖြင့် ကျေးလက်ဝတ္ထုများကို ကျွန်မ အစဉ်တစိုက် ရေးဖွဲ့ခဲ့ခြင်း ဖြစ်ပါသည် ။

၂၀၀၃ ခုနှစ်အတွက် ရရှိသော အမျိုးသားစာပေဆုသည် လည်း ကျွန်မအဖို့ တော့ မိဘနှစ်ပါး၏ စေတနာ မေတ္တာ သီတာရေစင်ကြောင့် ပွင့်လန်းလာသောအမွေဟု ကျွန်မ ခံယူပါသည် ။

သည် စာအုပ်ကို ဒုတိယအကြိမ်ထုတ်ဝေပေးသော ဒေါ်ခိုင်ခိုင်ဦး (ပုဂံစာအုပ်တိုက်)၏ ကျေးဇူးကိုလည်း မမေ့မလျော့ ဖော်ပြချင်ပါသည် ။ အထူးသဖြင့် ကျွန်မဝတ္ထုတိုများကို ဖတ်ရှုအားပေးကြသော စာဖတ်ပရိသတ်အားလုံးကို လေးစားစွာ ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည် ။

လေးစားလျက်

ခင်ခင်ထူး

၂၀၀၅၊ အောက်တိုဘာ၊ မန္တလေး။